# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၈-၁၂-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန(၄)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၈)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၃၂)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြုဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့်ရက် | ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>- လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | (၁၃)ဦး | ၂၄-၁၁-၂၀၂၂ | ၇-၁၂-၂၀၂၂ | ၁၅-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂<br>(၅၀/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | | | | | |
| | (က) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန | (၉)ဦး | ၄-၁၁-၂၀၂၂ | ၆-၁၂-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂ (၅၀/၂၀၂၂) |
| | (ခ) ကုန်းလမ်းပို့ဆောင်ရေး | (၂)ဦး | ၁-၁၂-၂၀၂၂ | ၈-၁၂-၂၀၂၂ | ၉-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂ (၅၀/၂၀၂၂) |
| | (ဂ) ဝန်ကြီးရုံး(ပို့ဆောင်ရေး) | (၁)ဦး | ၁-၁၂-၂၀၂၂ | ၉-၁၂-၂၀၂၂ | ၁၂-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂ (၅၀/၂၀၂၂) |
| | (ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | (၃)ဦး | ၁-၁၂-၂၀၂၂ | ၁၄-၁၂-၂၀၂၂ | ၂၆-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂ (၅၀/၂၀၂၂) |
| ၃။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | | | | | |
| | - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | (၂)ဦး | ၇-၁၂-၂၀၂၂ | ၁၂-၁၂-၂၀၂၂ | ၂၀-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂ (၅၀/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၄။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန<br>- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | (၂)ဦး | ၉-၁၁-၂၀၂၂ | ၉-၁၂-၂၀၂၂ | ၂၁-၁၂-၂၀၂၂ | ၂၈-၁၂-၂၀၂၂<br>(၅၀/၂၀၂၂) |